## ကုမ္ပဏီစီမံအုပ်ချုပ်မှုအဖွဲ့၏ ဆွေးနွေးမှုများ နှင့် ဆန်းစစ်လေ့လာမှု

ကျွန်ုပ်တို့၏ Ever Flow River Group Public Company Limited သည် တစ်နှစ်တာကာလအတွက် စီမံခန့်ခွဲမှုဆိုင်ရာ ဆွေးနွေးမှုများ နှင့် ဆန်းစစ်လေ့လာမှုများ (MD&A) ကို ဘဏ္ဍာနှစ် ၂၀၂၀ ခုနှစ် စက်တင်ဘာ ၃၀ ရက်နေ့တွင် ကုန်ဆုံးသော ယခင် ၁၂ လတာ ကာလ နှင့် ဘဏ္ဍာနှစ် ၂၀၂၁ စက်တင်ဘာလ ၃၀ ရက် နေ့တွင် ကုန်ဆုံးခဲ့သော စာရင်း၏ ယခုနှစ် ၁၂ လတာကာလ တို့အားနှိုင်းယှဉ်ထုတ်ပြန် ကြေညာအပ်ပါသည်။ အခြားငွေကြေးအနေနှင့် ဖော်ပြထားခြင်း မရှိပါလျှင် ငွေပမာဏဖော်ပြချက် အားလုံးမှာ မြန်မာကျပ်ငွေဖြစ်ပါသည်။ ဤဆွေးနွေးဆန်းစစ်မှု အစီရင်ခံစာတွင် ဘဏ္ဍာနှစ် ၂၀၂၁ စက်တင်ဘာလ ၃၀ ရက်၏ အစီရင်ခံစာနှင့် ဘဏ္ဍာနှစ် ၂၀၂၀ စက်တင်ဘာလ ၃၀ ၏ နှစ်တစ်နှစ်စာ ဘဏ္ဍာရေး ရှင်းတမ်း ၂၃ ၏ လုပ်ငန်းခွဲများအားလုံးမှ အသေးစိတ် ဆောင်ရွက်ရရှိခဲ့မှုများအား နှိုင်းယှဉ်တင်ပြထားပါသည်။

**SUMMARY OF GROUP STATEMENT OF COMPREHENSIVE INCOME**

| DESCRIPTION | FY September 2020 (Oct2019-Sep2020) (Audited) | FY September 2021 (Oct2020-Sep2021) (Audited) | % CHANGE |
|---|---|---|---|
| Revenue | 12,832,503,596 | 23,457,058,458 | 83% |
| Cost of goods sold | (10,692,069,949) | (20,334,783,240) | 90% |
| Gross profit | 2,140,433,647 | 3,122,275,218 | 46% |
| ***Gross profit Margin*** | ***16.7%*** | ***13.3%*** | ***-20%*** |
| Administration expenses | (2,707,995,313) | (2,014,454,594) | -26% |
| Profit before interest and tax | (567,561,666) | 1,107,820,624 | 305% |
| Other income | 351,479,430 | 131,727,144 | -63% |
| Finance cost | (15,900,000) | - | 100% |
| Profit before tax | (231,982,236) | 1,239,547,768 | 634% |
| Income tax expenses | (60,101,870) | (345,071,186) | 474% |
| **Profit after tax** | **(292,084,106)** | **894,476,582** | **406%** |
| Share of associates profit | (326,392,080) | (442,270,234) | 36% |
| Profit for the year | (618,476,186) | 452,206,348 | 173% |
| Other comprehensive income for the year | (114,479,353) | 461,768,393 | 503% |
| Total comprehensive income for the year | (732,955,539) | 913,974,741 | 225% |
| **Profit attributable to:** | | | |
| Owners of the Parent | (616,529,303) | 425,989,243 | 169% |
| Non-Controlling Interest (NCI) | (1,946,883) | 26,217,105 | 1447% |
| Total profit of the year | (618,476,186) | 452,206,348 | 173% |
| **Total comprehensive income attributable to:** | | | |
| Owners of the Parent | (731,008,656) | 887,757,636 | 221% |
| Non-Controlling Interest (NCI) | (1,946,883) | 26,217,105 | 1447% |
| **Total Comprehensive income for the year** | **(732,955,539)** | **913,974,741** | **225%** |
| Weighted no. of ordinary shares | 19,977,223 | 19,977,223 | 0% |
| **Earnings Per Share** | **(30.86)** | **21.32** | **169%** |

ကျွန်ုပ်တို့၏ စုစုပေါင်း အကြမ်းအမြတ် ပြောင်းလဲမှုနှုန်းသည် ယခင် ဘဏ္ဍာနှစ် ၂၀၁၉-၂၀ တွင် ၁၆.၇ % ရှိခဲ့ရာမှ ယခု ယခုဘဏ္ဍာနှစ် ၂၀၂၀-၂၁ တွင် ၁၃.၃% ခန့် ကျဆင်းခဲ့သော်လည်း အကြမ်းအမြတ်ရရှိမှုပမာဏမှာ ယခင်နှစ်ထက် ယခုနှစ်တွင် ၄၆% တိုးတက်ခဲ့ပါသည်။

၎င်းပမာဏများမှာ ယခင်ဘဏ္ဍာနှစ် ၂၀၁၉-၂၀ တွင် မြန်မာကျပ် ၂,၁၄၀,၄၃၃,၆၄၇ ကျပ် နှင့် ယခုဘဏ္ဍာနှစ် ၂၀၂၀-၂၁ တွင် မြန်မာကျပ် ၃,၁၂၂,၂၇၅,၂၁၈ ကျပ်တို့ ဖြစ်ပါသည်။

အသားတင်အမြတ်တွင် (တွဲဖက်ကုမ္ပဏီများ၏ အရှုံးအမြတ်) ကိုထည့်သွင်းစဉ်းစားခြင်းမပြုပါက ယခုဘဏ္ဍာနှစ် ၂၀၂၀-၂၁ တွင် ၄၀၆% အထိ တိုး၍ရရှိခဲ့ပါသည်။ ပမာဏအားဖြင့်ကြည့်ပါက ယခင်ဘဏ္ဍာနှစ် ၂၀၁၉-၂၀ တွင် အရှုံး မြန်မာကျပ် (၂၉၂,၀၈၄,၁၀၆) ဖြစ်ခဲ့ပြီး ယခုဘဏ္ဍာနှစ် ၂၀၂၀-၂၁ တွင် အမြတ်ဝင်ငွေ မြန်မာကျပ် ၈၉၄,၄၇၆,၅၈၂ ထိရရှိခဲ့ပါသည်။ တွဲဖက်ကုမ္ပဏီများ၏ ယခင်ဘဏ္ဍာနှစ် ၂၀၁၉-၂၀ အရှုံး စုစုပေါင်း မြန်မာကျပ် (၃၂၆,၃၉၂,၀၈၀) အား ထည့်သွင်းစဉ်းစားပါက ယခင်ဘဏ္ဍာနှစ် ၂၀၁၉-၂၀ တွင် အသားတင်ဝင်ငွေမှာ အရှုံး မြန်မာကျပ် (၆၁၈,၄၇၆,၁၈၆) ဖြစ်ခဲ့ပါသည်။ ယခုဘဏ္ဍာနှစ် ၂၀၂၀-၂၁ တွင် တွဲဖက်ကုမ္ပဏီများ၏ အရှုံး စုစုပေါင်း မြန်မာကျပ် (၄၄၂,၂၇၀,၂၃၄) အား ထည့်သွင်းစဉ်းစားပါက ယခုဘဏ္ဍာနှစ် ၂၀၂၀-၂၁ တွင် အသားတင်ဝင်ငွေမှာ အမြတ် မြန်မာကျပ် ၄၅၂,၂၀၆,၃၄၈ ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ လုပ်ငန်းစုများတွင် နိုင်ငံခြားငွေစာရင်းများလည်း ပါဝင်သောကြောင့် နိုင်ငံခြားငွေလဲလှယ်နှုန်း အရှုံးအမြတ်အား ထည့်သွင်းစဉ်းစားပါက ကျွန်ုပ်တို့၏ စုစုပေါင်းစာရင်းချုပ်တွင် ယခင်ဘဏ္ဍာနှစ် ၂၀၁၉-၂၀ ၌ အရှုံး မြန်မာကျပ် (၇၃၂,၉၅၅,၅၃၉) ဖြစ်ပြီး ယခုဘဏ္ဍာနှစ် ၂၀၂၀-၂၁ ၌ အမြတ် မြန်မာကျပ် ၉၁၃,၉၇၄,၇၄၁ ဖြစ်ပါသည်။

အထက်ပါဆွေးနွေးချက်များအား အခြေပြု၍ ကျွန်ုပ်၏ အစုရှယ်ယာတစ်စု၏ အမြတ်ဝင်ငွေမှာ ၁၆၉% တိုးတက်လာသောကြောင့် ယခင်ဘဏ္ဍာနှစ် ၂၀၁၉-၂၀ တွင် အရှုံး မြန်မာကျပ် (၃၀.၈၆) ကျပ် ဖြစ်ရာမှ ယခုဘဏ္ဍာနှစ် ၂၀၂၀-၂၁ တွင် အမြတ် မြန်မာကျပ် ၂၁.၃၂ ရရှိ အောင်မြင်ခဲ့ပါသည်။

**BREAKDOWN OF GROUP REVENUE ONLY**

| DESCRIPTION | FY September 2020 (Oct2019-Sep2020) (Audited) | % OF TOTAL | FY September 2021 (Oct2020-Sep2021) (Audited) | % OF TOTAL | % CHANGE |
|---|---|---|---|---|---|
| EFR (Stand Alone) | 252,000,000 | 2% | 198,000,000 | 1% | -21% |
| MRTW Logistics | 1,027,630,914 | 8% | 3,453,330,933 | 14% | 236% |
| MULTIPACK | - | 0% | - | 0% | |
| UCS | 950,258,027 | 7% | 1,982,492,176 | 8% | 109% |
| EFR GLE | 2,361,465,754 | 18% | 7,021,585,835 | 28% | 197% |
| MRTW Manufacturing | 1,130,913,016 | 9% | 876,096,876 | 4% | -23% |
| Gold Shipping | 813,343,499 | 6% | 1,315,550,999 | 5% | 62% |
| EFR Trading | 6,358,618,834 | 49% | 8,199,281,858 | 33% | 29% |
| LDC Mandalay | - | 0% | 536,451,578 | 2% | |
| A Logistics | 130,273,550 | 1% | 1,440,909,784 | 6% | 1006% |
| **Total Revenue** | **13,024,503,596** | **100%** | **25,023,700,040** | **100%** | **92%** |
| Intercompany transaction | (192,000,000) | 1% | (1,566,641,582) | 6% | 325% |
| **Total Revenue** | **12,832,503,596** | | **23,457,058,458** | | **83%** |

လုပ်ငန်းရရှိဝင်ငွေများမှာ ကျွန်ုပ်တို့၏ လုပ်ငန်းခွဲများအားလုံးတွင် သိသာစွာ တိုးတက်လာခဲ့ခြင်းကြောင့် ယခင်ဘဏ္ဍာနှစ် ၂၀၁၉-၂၀ တွင် မြန်မာကျပ် ၁၃,၀၂၄,၅၀၃,၅၉၆ သာရရှိခဲ့သော်လည်း ယခုဘဏ္ဍာနှစ် ၂၀၂၀-၂၁ တွင် မြန်မာကျပ် ၂၅,၀၂၃,၇၀၀,၀၄၀ ထိ ၉၂% တိုးတက်ခဲ့ပါသည်။ အထူးအားဖြင့် တွဲဖက်ကုမ္ပဏီ ဖြစ်သော A Logistics အပါအဝင် လုပ်ငန်းခွဲများအားလုံး ယခုဘဏ္ဍာနှစ် ၂၀၂၀-၂၁ တွင်လုပ်ငန်းဝင်ငွေတိုးတက်အောင်ရှာဖွေနိုင်ခဲ့ ပါသည်။

**BREAKDOWN OF GROUP OTHER INCOME**

| DESCRIPTION | FY September 2020 (Oct2019-Sep2020) (Audited) | FY September 2021 (Oct2020-Sep2021) (Audited) | % OF TOTAL | % CHANGE |
|---|---|---|---|---|
| EFR (Stand Alone) | 376,671,859 | 3,170,296 | 52% | -99% |
| MRTW Logistics | 11,568,170 | 11,196 | 2% | -100% |
| MULTIPACK | 945,477 | 1,264,883 | 0% | 34% |
| UCS | - | 173,971 | 0% | 0% |
| EFR GLE | 938,674 | 1,273,335 | 0% | 36% |
| MRTW Manufacturing | - | - | 0% | 0% |
| Gold Shipping | 553,718 | 2,331,839 | 0% | 321% |
| EFR Trading | 20,305,058 | 122,827,983 | 3% | 505% |
| LDC Mandalay | 313,867,441 | 673,641 | 43% | -100% |
| A Logistics | 300,312 | - | 0% | -100% |
| **Total Other Income ( As Revenue)** | **725,150,710** | **131,727,144** | **100%** | **-82%** |
| Intercompany transaction | (373,671,280) | - | | -100% |
| **Total Other Income ( As Revenue)** | **351,479,430** | **131,727,144** | **100%** | **-63%** |

ယခုဘဏ္ဍာနှစ် ၂၀၂၀-၂၁ ၏ ထောက်ပံ့ပို့ဆောင်ရေးတွင် ဆက်စပ်လုပ်ငန်းများမှ ရရှိဝင်ငွေ (Other Income) သည် ယခင်ဘဏ္ဍာနှစ် ၂၀၁၉-၂၀ ဖြင့် နှိုင်းယှဉ်ပါက ၈၂% ကျဆင်းခဲ့ကြောင်း တင်ပြအပ်ပါသည်။ ၎င်းဖြစ်စဉ်မှာ ယခင်ဘဏ္ဍာနှစ် ၂၀၁၉-၂၀ တွင် LDC Mandalay သည် MIC Permit အရစီးပွားဖြစ် စတင်လုပ်ကိုင်ခွင့် မရသေးသောကြောင့် ရရှိခဲ့သော ဝင်ငွေများအား လုပ်ငန်းများ၏ ဆက်စပ်လုပ်ငန်းများမှ ရရှိဝင်ငွေအဖြစ် တင်ပြခဲ့ရပါသောကြောင့် ဖြစ်ပါသည်။ ယခုဘဏ္ဍာနှစ် ၂၀၂၀-၂၁ တွင် LDC Mandalay ၏ ဆောင်ရွက်ရရှိဝင်ငွေများအား စီမံကိန်းလုပ်ငန်းများမှ ရရှိဝင်ငွေစာရင်းတွင် စတင်ထုတ်ဖော်ပြနိုင်ခဲ့ပါသောကြောင့် ကျဆင်းပြောင်းလဲမှု ဖြစ်ပေါ်နေခြင်းဖြစ်ပါသည်။

ယခုဘဏ္ဍာနှစ် ၂၀၂၀-၂၁ တွင် EFR Trading အနေဖြင့် ပို့ကုန်များအား တိုးချဲ့ပို့ဆောင်နိုင်ခဲ့ပြီး ကုန်သွယ်မှုလုပ်ငန်း ၏ဆက်စပ်လုပ်ငန်းများမှ အပိုဝင်ငွေများရရှိအောင် လုပ်ဆောင်နိုင်ခဲ့ပါသောကြောင့် ယခုဘဏ္ဍာနှစ် ၂၀၂၀-၂၁ တွင် ၅၀၅% အထိ တိုးမြှင့်ရရှိခဲ့ပါသည်။ Gold Shipping အနေဖြင့်လည်း ပင်မရုံးချုပ်မှ ရရှိသော ဝင်ငွေများအပြင် ပြည်တွင်း ဝန်ဆောင်မှု များတွင်လည်း ပိုမိုဆောင်ရွက်နိုင်ခဲ့၍ ယခင်ဘဏ္ဍာနှစ် ၂၀၁၉-၂၀ ထက် ယခုဘဏ္ဍာနှစ် ၂၀၂၀-၂၁ တွင်အပိုဝင်ငွေများ ၃၂၁% အထိ တိုး၍ ရရှိနိုင်ခဲ့ပါသည်။

**BREAKDOWN OF TOTAL REVENUE (Revenue + Other Income)**

| DESCRIPTION | FY September 2020 (Oct2019-Sep2020) (Audited) | % OF TOTAL | FY September 2021 (Oct2020-Sep2021) (Audited) | % OF TOTAL | % CHANGE |
|---|---|---|---|---|---|
| EFR (Stand Alone) | 628,671,859 | 5% | 201,170,296 | 1% | -83% |
| MRTW Logistics | 1,039,199,084 | 8% | 3,453,342,129 | 14% | 82% |
| MULTIPACK | 945,477 | 0% | 1,264,883 | 0% | -27% |
| UCS | 950,258,027 | 7% | 1,982,666,147 | 8% | 14% |
| EFR GLE | 2,362,404,428 | 17% | 7,022,859,170 | 28% | 62% |
| MRTW Manufacturing | 1,130,913,016 | 8% | 876,096,876 | 3% | -58% |
| Gold Shipping | 813,897,218 | 6% | 1,317,882,838 | 5% | -11% |
| EFR Trading | 6,378,923,893 | 46% | 8,322,109,841 | 33% | -29% |
| LDC Mandalay | 313,867,441 | 2% | 537,125,219 | 2% | -6% |
| A Logistics | 130,573,863 | 1% | 1,440,909,784 | 6% | 503% |
| **Total Revenue** | **13,749,654,305** | **100%** | **25,155,427,183** | **100%** | **83%** |
| Intercompany transaction | (565,671,280) | -4% | (1,566,641,582) | -6% | 51% |
| **Total Revenue** | **13,183,983,025** | | **23,588,785,601** | | **79%** |

ကျွန်ုပ်တို့အုပ်စု၏ စုစုပေါင်းရရှိဝင်ငွေသည် ယခင်ဘဏ္ဍာနှစ် ၂၀၁၉-၂၀ ရရှိဝင်ငွေ မြန်မာကျပ် ၁၃,၁၈၃,၉၈၃,၀၂၅ မှ ယခုဘဏ္ဍာနှစ် ၂၀၂၀-၂၁ တွင် မြန်မာကျပ် ၂၃,၅၈၈,၇၈၅,၆၀၁ သို့ ၇၉% တိုးတက်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထိုသို့ တိုးတက်မှုတွင် EFR Trading သည် ၃၃% ၊ လုပ်ငန်းခွဲများဖြစ်သော အဓိကလုပ်ဆောင်သော ထောက်ပံ့ပို့ဆောင်ရေး လုပ်ငန်းများ (Forwarding) များအနေဖြင့် EFR GLE သည် ၂၈% ၊ MRTW Logistics သည် ၁၄% ၊ Gold Shipping သည် ၅% နှင့် တွဲဖက်ဖက်စပ်ကုမ္ပဏီဖြစ်သည့် A Logistics သည် ၆% အသီးသီး ယခုဘဏ္ဍာနှစ် ၂၀၂၀-၂၁ တွင် ပါဝင်ဆောင်ရွက် နိုင်ခဲ့ကြခြင်းဖြစ်ပါသည်။

**BREAKDOWN OF GROSS PROFIT**

| DESCRIPTION | FY September 2020 (Oct2019-Sep2020) (Audited) | % OF TOTAL | FY September 2021 (Oct2020-Sep2021) (Audited) | % OF TOTAL | % CHANGE |
|---|---|---|---|---|---|
| EFR (Stand Alone) | 252,000,000 | 11% | 198,000,000 | 6% | -21% |
| MRTW Logistics | 134,424,945 | 6% | 292,964,855 | 9% | 118% |
| MULTIPACK | 0 | 0% | 0 | 0% | 0% |
| UCS | 165,721,049 | 7% | 347,558,981 | 11% | 110% |
| EFR GLE | 589,969,595 | 25% | 856,452,551 | 26% | 45% |
| MRTW Manufacturing | 440,866,713 | 19% | 219,092,133 | 7% | -50% |
| Gold Shipping | 449,149,157 | 19% | 810,122,698 | 25% | 80% |
| EFR Trading | 294,337,998 | 13% | 100,948,634 | 3% | -66% |
| LDC Mandalay | 0 | 0% | 289,875,755 | 9% | 0% |
| A Logistics | 7,860,057 | 0% | 119,363,974 | 4% | 1419% |
| **Total Gross Profit** | **2,334,329,513** | **100%** | **3,234,379,579** | **100%** | **39%** |
| Intercompany transaction | (193,895,867) | | (112,104,361) | | |
| **Total Gross Profit** | **2,140,433,646** | | **3,122,275,218** | | **46%** |

ကျွန်ုပ်တို့၏ လုပ်ငန်းခွဲအားလုံး စုစုပေါင်း အကြမ်းအမြတ်သည် ယခုဘဏ္ဍာနှစ် ၂၀၂၀-၂၀၂၁ တွင် မြန်မာကျပ် ၃,၂၃၄,၃၇၉,၅၇၉ ဖြစ်ပြီး ၎င်းသည် ယခင်ဘဏ္ဍာနှစ် ၂၀၁၉-၂၀၂၀ တွင် မြန်မာကျပ် ၂,၃၃၄,၃၂၉,၅၁၃ မှ ၃၉% တိုးတက်လာခြင်း ဖြစ်သည်။ ထိုသို့ တိုးတက်လာခြင်းသည် MRTW Logistics, UCS, EFR GLE နှင့် Gold Shipping တို့၏ ပြောင်းလဲ တိုးတက်မှုနှုန်း ၁၁၈% , ၁၁၀% , ၄၅% နှင့် ၈၀% အသီးသီး တို့ကြောင့်ဖြစ်သည်။

ယခုဘဏ္ဍာနှစ် ၂၀၂၀-၂၀၂၁ တွင် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများအားလုံး စွမ်းဆောင်နိုင်ခဲ့ခြင်းသည် တန်ဖိုးမြှင့် ဝန်ဆောင်မှုများ ဆောင်ရွက်နိုင်ခဲ့ခြင်း Covid ကာလအတွင်း ခက်ခဲသည့်အချိန်ကာလများကြားတွင် လုပ်ငန်းများအား အစွမ်းကုန်ကြိုးစား၍ လုပ်ကိုင်ရရှိနိုင်သည့် အခွင့်အရေးမှန်သမျှအား အမိအရ ရယူ၍ ပိုမိုတိုးတက်အောင် လုပ်ကိုင် ဆောင်ရွက် နိုင်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

အထူး ဖော်ပြရန်ရှိသည်မှာ A Logistics လုပ်ငန်းခွဲ၏ အကြမ်းအမြတ်ရာခိုင်နှုန်းသည် ၁၄ ဆကျော်ခန့် (၁,၄၁၉%) ပြောင်းလဲခဲ့ခြင်းမှာ ယခုဘဏ္ဍာနှစ် ၂၀၂၀-၂၀၂၁ တွင်တစ်နှစ်လုံး လုပ်ဆောင်မှုဖြစ်ပြီး ယခင်ဘဏ္ဍာနှစ် ၂၀၁၉-၂၀၂၀ တွင် ဖက်စပ်လုပ်ကိုင်မှုလုပ်ငန်းစတင်သည့် ၂၀၁၉ ခုနှစ်ဩဂုတ်လမှ စတင်ရေတွက်သဖြင့် (၂)လ၏ လုပ်ဆောင်မှုအား နှိုင်းယှဉ် ခြင်းကြောင့်ပြောင်းလဲမှုနှုန်း မြင့်မားနေခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့၏ စုစုပေါင်းအကြမ်းအမြတ်သည် ယခင်ဘဏ္ဍာနှစ် ၂၀၁၉-၂၀၂၀ တွင် မြန်မာကျပ် ၂,၁၄၀,၄၃၃,၆၄၆ ရရှိခဲ့ရာမှ ယခုဘဏ္ဍာနှစ် ၂၀၂၀-၂၀၂၁ တွင် မြန်မာကျပ် ၃,၁၂၂,၂၇၅,၂၁၈ အထိ ၄၆% တိုးတက်ရရှိခဲ့ပါသည်။ အဓိကအားဖြင့် EFR GLE, Gold Shipping, UCS တို့မှ ၂၆%၊ ၂၅%၊ ၁၁% အသီးသီးပါဝင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

**BREAKDOWN OF GROSS PROFIT MARGIN CHANGES**

| GP MARGIN CHANGES | FY September 2020 (Oct2019-Sep2020) | | | FY September 2021 (Oct2020-Sep2021) | | | % CHANGE |
|---|---|---|---|---|---|---|---|
| DESCRIPTION | Gross Profits Total (Audited ) | Revenue (Only)Total (Audited ) | GP Margin | Gross Profits Total (Audited ) | Revenue (Only)Total (Audited ) | GP Margin | |
| EFR (Stand Alone) | 252,000,000 | 252,000,000 | 100% | 198,000,000 | 198,000,000 | 100% | 0% |
| MRTW Logistics | 134,424,945 | 1,027,630,914 | 13% | 292,964,855 | 3,453,330,933 | 8% | -5% |
| MULTIPACK | 0 | 0 | 0% | 0 | 0 | 0% | 0% |
| UCS | 165,721,049 | 950,258,027 | 17% | 347,558,981 | 1,982,492,176 | 18% | 0% |
| EFR GLE | 589,969,595 | 2,361,465,754 | 25% | 856,452,551 | 7,021,585,835 | 12% | -13% |
| MRTW Manufacturing | 440,866,713 | 1,130,913,016 | 39% | 219,092,133 | 876,096,876 | 25% | -14% |
| Gold Shipping | 449,149,157 | 813,343,499 | 55% | 810,122,698 | 1,315,550,999 | 62% | 6% |
| EFR Trading | 294,337,998 | 6,358,618,834 | 5% | 100,948,634 | 8,199,281,858 | 1% | -3% |
| LDC Mandalay | 0 | 0 | 0% | 289,875,755 | 536,451,578 | 54% | 54% |
| A Logistics | 7,860,057 | 130,273,550 | 6% | 119,363,974 | 1,440,909,784 | 8% | 2% |
| **Total Gross Profit** | **2,334,329,513** | **13,024,503,595** | **18%** | **3,234,379,579** | **25,023,700,040** | **13%** | **-5%** |
| Intercompany transaction | (193,895,867) | (192,000,000) | 101% | (112,104,361) | (1,566,641,582) | 7% | -94% |
| **Total Gross Profit** | **2,140,433,646** | **12,832,503,595** | **17%** | **3,122,275,218** | **23,457,058,458** | **13%** | **-4%** |

ယခုဘဏ္ဍာနှစ် ၂၀၂၀-၂၁ ၏ လုပ်ငန်းရရှိဝင်ငွေ မြန်မာကျပ် ၂၃,၄၅၇,၀၅၈,၄၅၈ သည် ၈၃% သို့ တိုးတက်လာသော်လည်း အကြမ်းအမြတ် ပြောင်းလဲမှုနှုန်းအားဖြင့် ယခင်ဘဏ္ဍာနှစ် ၂၀၁၉-၂၀၂၀ တွင် ၁၇% မှ ယခုဘဏ္ဍာနှစ် ၂၀၂၀-၂၀၂၁ တွင် ၁၃% သို့ ၄% လျော့ကျသွားခြင်း သည် အဓိကဖြစ်သော ထောက်ပံ့ပို့ဆောင်ရေး လုပ်ငန်းများအားလုံး၏ တိုက်ရိုက် ကုန်ကျစရိတ် များကြောင့်ဖြစ်ပါသည်။

## BREAKDOWN OF ADMINISTRATIVE EXPENSES

| DESCRIPTION | FY September 2020 (Oct2019-Sep2020) (Audited ) | FY September 2021 (Oct2020-Sep2021) (Audited ) | % CHANGE |
|---|---|---|---|
| EFR (Stand Alone) | (534,608,748) | (440,229,030) | -18% |
| MRTW Logistics | (271,177,506) | (4,480,422) | -98% |
| *Multipack* | (37,117,260) | (801,094) | -98% |
| UCS | (183,143,705) | (110,169,176) | -40% |
| EFR GLE | (565,927,391) | (299,633,403) | -47% |
| MRTW Manufacturing | (493,527,188) | (310,356,355) | -37% |
| Gold Shipping | (295,046,195) | (391,312,426) | 33% |
| EFR Trading | (207,414,469) | (296,013,713) | 43% |
| LDC Mandalay | (288,579,152) | (222,798,045) | -23% |
| A Logistics | (17,249,566) | (50,765,291) | 194% |
| **Total administration expenses** | **(2,893,791,180)** | **(2,126,558,955)** | **-27%** |
| Intercompany transaction | 169,895,867 | 112,104,361 | -34% |
| | **(2,723,895,313)** | **(2,014,454,594)** | **-26%** |

မိခင်ကုမ္ပဏီအပါအဝင်၊ လက်အောက်ခံ ကုမ္ပဏီများအားလုံး၏ အသုံးစရိတ်သည် စုစုပေါင်းအားဖြင့် ယခင်ဘဏ္ဍာနှစ်၂၀၁၉-၂၀ တွင် ကျပ် (၂,၇၂၃,၈၉၅,၃၁၃) နှင့် ယခုဘဏ္ဍာနှစ် ၂၀၂၀-၂၁ တွင် (၂,၀၁၄,၄၅၄,၅၉၄) သို့ ၂၆% လျော့ချ ထိန်းသိမ်း သုံးစွဲနိုင်ခဲ့ပါသည်။ ကုမ္ပဏီများအားလုံး၏ အသုံးစရိတ်များအား တင်ပြရာတွင် MFRS (မြန်မာပြည်ဆိုင်ရာ စာရင်းအင်းအစီရင်ခံစာ စနစ်) အရ နိုင်ငံခြားငွေကြေးပြောင်းလဲမှု အရှုံးအမြတ်သက်ရောက်မှုများပါ ထည့်သွင်းတွက်ချက် ထားပါသည်။

လုပ်ငန်းခွဲများအနက် EFR Trading, Gold Shipping နှင့် A Logistics မှ လွဲ၍ ကျန်လုပ်ငန်းခွဲများ အားလုံး လျော့ချ သုံးစွဲနိုင်ခဲ့ပါသည်။ A Logistics ဖက်စပ်တွဲဖက်လုပ်ငန်းသည် အသုံးစရိတ်တိုးလာရ ခြင်းမှာ ယခုဘဏ္ဍာနှစ် ၂၀၂၀-၂၁ တွင် တစ်နှစ်လုံး လုပ်ဆောင်မှုဖြစ်ပြီး ယခင်ဘဏ္ဍာနှစ် ၂၀၁၉-၂၀ တွင်ဖက်စပ်တွဲဖက်ခဲ့သည့် (၂)လ၏ အသုံးစရိတ် ဖြစ်ပါသော ကြောင့် ၁၉၄% တိုးမြင့်နေခြင်းဖြစ်ပါသည်။ Gold Shipping နှင့် EFR Trading အနေဖြင့် ယခင်ဘဏ္ဍာနှစ် ၂၀၁၉-၂၀ နှင့် နှိုင်းယှဉ်လျှင် ယခုဘဏ္ဍာနှစ် ၂၀၂၀-၂၁ တွင် ဝန်ဆောင်မှုပေးခဲ့သော ကုန်သေတ္တာပမာဏတိုးမြင့်လာသောကြောင့် လည်းကောင်း၊ ကုန်သွယ်မှုတွင် ပို့ကုန်ပမာဏ တိုးမြင့်လာသောကြောင့် လည်းကောင်း ရုံးသုံးစရိတ်များ၊ ဝန်ထမ်းလစာများ တိုးမြင့်ခဲ့ခြင်း ဖြစ်ပါသည်။ ထို့ပြင် ၄င်းလုပ်ငန်းခွဲ ၂ ခု တွင် နိုင်ငံခြားငွေကြေးပြောင်းလဲမှု အရှုံးအမြတ်များ သက်ရောက်မှု များပြားခဲ့သောကြောင့် ကုန်ကျစရိတ်များခဲ့ရခြင်းဖြစ်ပါသည်။

## BREAKDOWN OF NET PROFIT AND COMPREHENSIVE INCOME

| DESCRIPTION | FY September 2020 (Oct2019-Sep2020) (Audited) | FY September 2021 (Oct2020-Sep2021) (Audited) | % CHANGE |
|---|---|---|---|
| EFR (Stand Alone) | 93,563,111 | (239,058,734) | -356% |
| MRTW Logistics | (125,184,391) | 254,788,388 | 304% |
| *Multipack* | (36,171,783) | 463,789 | 101% |
| UCS | (18,023,886) | 176,907,237 | 1082% |
| EFR GLE | 5,764,830 | 453,260,023 | 7763% |
| MRTW Manufacturing | (52,660,475) | (91,264,222) | 73% |
| Gold Shipping | 118,947,667 | 292,967,921 | 146% |
| EFR Trading | 105,772,899 | (61,396,584) | -158% |
| LDC Mandalay | 22,668,397 | 48,198,778 | 113% |
| A Logistics | (9,089,196) | 59,609,986 | 756% |
| Share of Profit from Associates | (326,392,080) | (442,270,234) | -36% |
| **Total net income for the year** | **(220,804,907)** | **452,206,348** | **305%** |
| Intercompany transaction | (397,671,279) | - | |
| **Total net income for the year** | **(618,476,186)** | **452,206,348** | **173%** |
| Foreign Currency Translation | (114,479,353) | 461,768,393 | |
| **Total comprehensive income for the year** | **(732,955,539)** | **913,974,741** | **225%** |

ကျွန်ုပ်တို့ ကုမ္ပဏီ၏ စုစုပေါင်း အသားတင်အမြတ်ဝင်ငွေသည် ယခင်ဘဏ္ဍာနှစ် ၂၀၁၉-၂၀ အရှုံး မြန်မာကျပ် (၆၁၈,၄၇၆,၁၈၆) မှ ယခုဘဏ္ဍာနှစ် ၂၀၂၀-၂၁ တွင် မြန်မာကျပ် ၄၅၂,၂၀၆,၃၄၈ သို့ ၁၇၃% တိုးမြှင့်ရရှိခဲ့ပါသည်။ လုပ်ငန်းခွဲများအနက်မှ EFR GLE သည် ယခုဘဏ္ဍာနှစ် ၂၀၂၀-၂၁ တွင် အသားတင်အမြတ်ငွေ ရရှိမှု သည် ၇၇ ဆ ကျော် (၇,၇၆၃ %)ထိ ရရှိဆောင်ရွက် နိုင်ခဲ့ပါသည်။ ထိုကဲ့သို့ ဆောင်ရွက်နိုင်ခြင်းသည် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းနှင့်ဆက်စပ်ပတ်သက်နေသော ဝန်ဆောင်မှုလုပ်ငန်းများအား လုပ်ကိုင်နိုင်ခွင့် အခွင့်အရေး ရရှိသလောက် စွဲယူလုပ်ဆောင်နိုင်ခဲ့သောကြောင့် ယခင်ဘဏ္ဍာနှစ် ၂၀၁၉-၂၀ တွင် အမြတ်ငွေ မြန်မာကျပ် ၅,၇၆၄,၈၃၀ သာရရှိခဲ့သော်လည်း ယခုဘဏ္ဍာနှစ် ၂၀၂၀-၂၁ တွင် မြန်မာကျပ် ၄၅၃,၂၆၀,၀၂၃ ကျပ် အထိ တိုးတက်အောင်မြင်ခဲ့ပါသည်။ ထို့ပြင် ထောက်ပံ့ပို့ဆောင်ရေး လုပ်ငန်းခွဲတစ်ခုဖြစ်သော UCS သည်လည်း ယခင်ဘဏ္ဍာနှစ်၂၀၁၉-၂၀ တွင် အရှုံး မြန်မာကျပ် (၁၈,၀၂၃,၈၈၆) ဖြင့်ရင်ဆိုင်ခဲ့ရသော်လည်း ယခုဘဏ္ဍာနှစ် ၂၀၂၀-၂၁ တွင် မြန်မာကျပ် ၁၇၆,၉၀၇,၂၃၇ အမြတ်ငွေ အဖြစ် ယခင်နှစ်ထက် ၁၀ ဆကျော် (၁,၀၈၂%) အထိ ရရှိဆောင်ရွက်နိုင်ခဲ့ပါသည်။

ကျွန်ုပ်တို့ လုပ်ငန်းများထဲမှ EFR Trading ကုမ္ပဏီသည် ယခင်ဘဏ္ဍာနှစ် ၂၀၁၉-၂၀ တွင် အမြတ်ငွေ မြန်မာကျပ် ၁၀၅,၇၇၂,၈၉၉ ရရှိခဲ့သော်လည်း ယခုနှစ် အသားတင်အမြတ်ငွေမှာ ကျဆင်းခဲ့ပြီး အရှုံးအဖြစ် မြန်မာကျပ် (၆၁,၃၉၆,၅၈၄) ဖြစ်ပေါ်ခဲ့ပါသည်။ ထိုသို့ ဖြစ်ရခြင်းမှာ ငွေကြေးပြောင်းလဲမှုသည် ပို့ကုန်လုပ်ငန်းပေါ်တွင် သက်ရောက်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ ထို့ပြင် MRTW Manufacturing သည် ယခင်ဘဏ္ဍာနှစ်၂၀၁၉-၂၀ တွင် အရှုံးငွေ မြန်မာကျပ် (၅၂,၆၆၀,၄၇၅) နှင့် ယခုဘဏ္ဍာနှစ် ၂၀၂၀-၂၁ တွင် အရှုံးငွေ မြန်မာကျပ် (၉၁,၂၆၄,၂၂၂) အဖြစ် ဆက်လက် အရှုံးဖြစ်ပေါ်ခဲ့ပါသည်။ ထိုလုပ်ငန်းခွဲအနေဖြင့်လည်း မဟာဗျူဟာများ ပြုပြင်ပြောင်းလဲ၍ စီစဉ်ခဲ့သော်လည်း Covid အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေခြင်းကြောင့် လုပ်ငန်းလည်ပတ်ရန် ကုန်ကျငွေများ၊ ဝန်ထမ်းများအား စောင့်ရှောက်စရိတ်များ၊ ကျန်းမာရေးစရိတ်များ သုံးစွဲခဲ့ရပါသောကြောင့် စရိတ်များသည် ရရှိဝင်ငွေထက် များခဲ့ပါသောကြောင့် အရှုံးရင်ဆိုင်ရခြင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ နိုင်ငံခြားငွေကြေးပြောင်းလဲမှု ကိန်းဂဏန်းများ ကြောင့် ယခင်ဘဏ္ဍာနှစ် ၂၀၁၉-၂၀ တွင် အရှုံး မြန်မာကျပ် (၁၁၄,၄၇၉,၃၅၃) နှင့် ယခုဘဏ္ဍာနှစ် ၂၀၂၀-၂၁ ၏ အမြတ် မြန်မာကျပ် ၄၆၁,၇၆၈,၃၉၃ အား ထည့်သွင်း စဉ်းစားပါက ကျွန်ုပ်တို့၏ စုစုပေါင်း အသားတင် အမြတ်ဝင်ငွေမှာ ယခင်ဘဏ္ဍာနှစ် ၂၀၁၉-၂၀ တွင် အရှုံးအဖြစ် မြန်မာကျပ် (၇၃၂,၉၅၅,၅၃၉) ဖြစ်ခဲ့ပြီး ယခုဘဏ္ဍာနှစ် ၂၀၂၀-၂၁ တွင် အမြတ် အဖြစ် မြန်မာကျပ် ၉၁၃,၉၇၄,၇၄၁ ဖြစ်ပါသည်။

### SHARE OF PR OFITS FROM ASSOCIATES

| SHARE OF PROFIT FROM ASSOCIATES | FY September 2020 | FY September 2021 | % CHANGE |
|---|---|---|---|
| KEFR (30%) | (129,370,949) | (293,899,487) | *127%* |
| UTOC Multipack (40%) | (126,381,368) | (110,380,748) | *-13%* |
| HITLC (49%) | (70,639,763) | (37,989,999) | *-46.%* |
| **Share of Profit from Associates** | **(326,392,080)** | **(442,270,234)** | **35.50%** |

တွဲဖက်ဖက်စပ်ကုမ္ပဏီများ (Associate Company) အနေဖြင့် K-EFR ဖက်စပ်ကုမ္ပဏီတွင် ကျွန်ုပ်တို့၏မိခင်ကုမ္ပဏီသည် ၃၀% ပိုင်ဆိုင်သည့် အလျောက် ကျွန်ုပ်တို့၏ စုစုပေါင်း ဘဏ္ဍာရေးရှင်းတမ်းတွင် ယခုဘဏ္ဍာနှစ် ၂၀၂၀-၂၀၂၁ နှစ်တွင် မြန်မာကျပ် (၂၉၃,၈၉၉,၄၈၇)၊ ယခင်ဘဏ္ဍာနှစ် ၂၀၁၉-၂၀၂၀ တွင် မြန်မာကျပ် (၁၂၉,၃၇၀,၉၄၉) အရှုံးဖြင့် ပါဝင်ခဲ့ပါသည်။ ယခုဘဏ္ဍာနှစ် ၂၀၂၀-၂၀၂၁ တွင် ယခင်ဘဏ္ဍာနှစ် ၂၀၁၉-၂၀၂၀ ထက် အရှုံး ၁၂၇% တိုးလာခဲ့ပါသည်။ ၎င်းဖက်စပ် ကုမ္ပဏီသည် လုပ်ငန်းစွမ်းဆောင်နိုင်ပြီး အကြမ်းအမြတ်နှင့် အခွန်မဆောင်မီ အမြတ်ရရှိ သော်လည်း ပုံသေပိုင်ပစ္စည်း (ကားများ)၏ တန်ဘိုးလျော့အား နှစ်တိုဖြင့် တွက်ချက်ခဲ့ပါသဖြင့် ယခင်ဘဏ္ဍာနှစ် ၂၀၁၈-၂၀၁၉ မှစ၍ ယခုဘဏ္ဍာနှစ် ၂၀၂၀-၂၀၂၁ အထိ အမြတ်စာရင်းမရှိပဲ အရှုံးစာရင်းသာ ဖြစ်ခဲ့ရပါသည်။ ပုံသေပိုင်ပစ္စည်း (ကားများ)၏ တန်ဘိုးလျော့အား တွက်ချက်ခြင်းအား ပြင်ဆင်ရန် ကြိုးစားခဲ့သော်လည်း အခက်ခဲများဖြင့် ရင်ဆိုင်နေရပါ၍ ယခုထိ ပြင်ဆင်ခြင်း မပြုနိုင်ခဲ့ပါ။UTOC Multipack ဖက်စပ်ကုမ္ပဏီသည် မိခင်ကုမ္ပဏီ၏ လက်အောက်ခံ ကုမ္ပဏီတစ်ခုဖြစ်သော Multipack Engineering Services Limited မှ ၄၀% ပိုင်ဆိုင်ပါသည်။ ၎င်းဖက်စပ်ကုမ္ပဏီ၏ အရှုံးသည် ယခင်ဘဏ္ဍာနှစ် ၂၀၁၉-၂၀၂၀ နှစ်တွင် မြန်မာ ကျပ် (၁၂၆,၃၈၁,၃၆၈) ဖြစ်ပြီး ယခုဘဏ္ဍာနှစ် ၂၀၂၀-၂၀၂၁ တွင် မြန်မာ ကျပ် (၁၁၀,၃၈၀,၇၄၈) ဖြစ်ခဲ့ပါသည်။ ဖက်စပ်ကုမ္ပဏီသည် လုပ်ငန်းစတင်ချိန်မှ ယခုနှစ်အထိ ဆက်တိုက်အရှုံးနှင့် ရင်ဆိုင်နေရပါသဖြင့် မိမိတို့ မိခင်ကုမ္ပဏီမှ လိုအပ်သည်များ ဆက်လက်လုပ်ဆောင်ရန်ဆွေးနွေးညှိနှိုင်းပြီးဖြစ်ပါသည်။ ဆောင်ရွက်ထားမှုများအား ဆက်လက်၍ ထုတ်ဖေါ်ကြေညာပေးမည်ဖြစ်ပါသည်။ HITLC (Hlaing) စီမံကိန်းကုမ္ပဏီသည် တည်ဆောက်ဆဲ ကုမ္ပဏီဖြစ်ပြီး မိမိတို့ မိခင်ကုမ္ပဏီမှ ၄၉% ပိုင်ဆိုင်ပါ သည်။ ယခုဘဏ္ဍာနှစ် ၂၀၂၀-၂၀၂၁ ထိ စီမံအုပ်ချုပ်မှု အသုံးစရိတ်ဘဏ္ဍာရေးရှင်းတမ်းများသာ တင်ပြနိုင်ပါသေးသည်။ ယခုဘဏ္ဍာနှစ် ၂၀၂၀-၂၀၂၁ တွင် စီမံအုပ်ချုပ်မှု အသုံးစရိတ်များအား ၄၆% လျှော့ချသုံးစွဲခဲ့ပါသည်။

### FINANCIAL CONDITION SUMMARY GROUP BALANCE SHEET

| DESCRIPTION | As of 30th September, 2020 (Audited) | As of 30th September, 2021 (Audited) | % CHANGE |
|---|---|---|---|
| **ASSETS** | | | |
| Total Non-Current Assets | 5,464,943,694 | 5,257,273,394 | *-4%* |
| Total Current Assets | 12,862,913,705 | 17,158,803,745 | *33%* |
| **Total Assets** | **18,327,857,399** | **22,416,077,140** | **22%** |
| **LIABILITIES** | | | |
| Total Non-Current Liabilities | Nil | 0 | |
| Total Current Liabilities | 2,985,632,112 | 6,159,877,111 | *106%* |
| **Total Liabilities** | **2,985,632,112** | **6,159,877,111** | *106%* |
| **EQUITY** | | | |
| **Total Equity** | **15,342,225,287** | **16,256,200,028** | *6%* |
| **Total Equity and Liabilities** | **18,327,857,399** | **22,416,077,140** | **22%** |

လက်ငင်းမဟုတ် သောရပိုင်ခွင့်များ (**Non-current Assets**)

ကျွန်ုပ်တို့၏ လက်ငင်းမဟုတ်သောရ ပိုင်ခွင့်များတွင် ပုံသေပိုင်ပစ္စည်း (Property, Plant & Equipment)၊ မထိတွေ့နိုင်သောရပိုင်ခွင့်များ (Intangible Assets)၊ ရင်းနှီးမြှုပ်နှံမှု (Investment) နှင့် လုပ်ဆောင်ဆဲစီမံကိန်း (Project Under Development) တို့ပါဝင်ပါသည်။ စုစုပေါင်း လက်ငင်းမဟုတ်သောရပိုင်ခွင့်များ သည် ယခင်ဘဏ္ဍာနှစ် ၂၀၂၀

စက်တင်ဘာလတွင် မြန်မာငွေကျပ် ၅,၄၆၄,၉၄၃,၆၉၄ ရှိရာမှ ယခုဘဏ္ဍာနှစ် ၂၀၂၁ စက်တင်ဘာလတွင် မြန်မာငွေကျပ် ၅,၂၅၇,၂၇၃,၃၉၄ သို့ ၄% ခန့် စီမံကိန်းတွင် လက်ရှိလုပ်ဆောင်မှု စရိတ်များကြောင့် လျော့ကျခဲ့ပါသည်။

လက်ငင်းရပိုင်ခွင့်များ **(Current Assets)**

ကျွန်ုပ်တို့၏ လက်ငင်းရပိုင်ခွင့်တွင် ပစ္စည်းစာရင်း (Inventory)၊ ငွေသားနှင့်ငွေသားဖြစ်လွယ်သောပစ္စည်း (cash and cash equivalent)၊ ကုန်သွယ်မှုနှင့်အခြားရရှိရန်ရှိသည်များ (Trade and other receivables)၊ ကြိုပေးထားသော အခွန်နှင့် အပ်ငွေ (Prepaids, Advance Tax and Deposits) အစရှိသည်တို့ပါဝင်ပါသည်။ ကျွန်တော်တို့၏ လက်ငင်းရပိုင်ခွင့်များသည် ပစ္စည်းစာရင်းနှင့် ကုန်သွယ်မှုနှင့်အခြားရရန်ရှိသည့်အရာများ ကြောင့် ယခင်ဘဏ္ဍာနှစ် ၂၀၂၀ စက်တင်ဘာလတွင် မြန်မာငွေကျပ် ၁၂,၈၆၂,၉၁၃,၇၀၅ မှ ယခုဘဏ္ဍာနှစ် ၂၀၂၁ စက်တင်ဘာလတွင် မြန်မာငွေကျပ် ၁၇,၁၅၈,၈၀၃,၇၄၅ သို့ ၃၃% တက်လာခဲ့ပါသည်။ အဓိက ထိုသို့တက်လာရခြင်းမှာ ရရန်ရှိစာရင်းများသည် လုပ်ငန်းလုပ်ဆောင်နိုင်မှု ပမာဏ တိုးလာခြင်းကြောင့် ယခင်ဘဏ္ဍာနှစ် ၂၀၂၀ စက်တင်ဘာလတွင် မြန်မာငွေကျပ် ၉,၇၃၄,၂၈၈,၆၀၃ မှ ယခုဘဏ္ဍာနှစ် ၂၀၂၁ စက်တင်ဘာလတွင် တွင် မြန်မာငွေကျပ် ၁၃,၉၄၅,၄၀၂,၀၇၃ သို့ တက်လာခဲ့ပါသည်။ ကျွန်ုပ်တို့သည် ရရန် ရှိသည့် စာရင်းများအား အချိန်မီကောက်ယူမှု ရရှိအောင် ဘဏ္ဍာနှစ် ၂၀၂၀-၂၀၂၁ နှစ် အတွင်းကြိုးစား ဆောင်ရွက် နိုင်ခဲ့ပါသည်။

လက်ငင်းပေးရန်တာဝန်များ **(Current Liabilities)**

ကျွန်ုပ်တို့၏ လက်ငင်းပေးရန် တာဝန်များတွင် ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိသည့်အရာများ (Trade and other payables) ၊ အခွန်လျာထားမှု(Tax provisions)၊ လက်ခံရရှိသော ကြိုတင်ရငွေများ(Advanced received) နှင့် ပေးရန်ကျန်ငွေ (Accruals) တို့ ပါဝင်ပါသည်။ ယခင်ဘဏ္ဍာနှစ် ၂၀၂၀ စက်တင်ဘာလတွင် လက်ငင်းပေးရန် တာဝန်များသည် မြန်မာငွေကျပ် ၂,၉၈၅,၆၃၂,၁၁၂ မှ ယခုဘဏ္ဍာနှစ် ၂၀၂၁ စက်တင်ဘာလတွင် မြန်မာငွေကျပ် ၆,၁၅၉,၈၇၇,၁၁၁ သို့ ၁၀၆% ခန့် တက်လာခဲ့ပါသည်။ ထိုသို့ လက်ငင်းပေးရန်တာဝန်များ တက်လာရသော အဓိကအကြောင်းအရင်းမှာ ယခင်ဘဏ္ဍာနှစ် များ၏ အခွန်ပေးရန်များ (Tax) ရှင်းလင်းနိုင်ခြင်း မရှိသေးပါသောကြောင့်လည်းကောင်း၊ လုပ်ငန်းလုပ်ဆောင်နိုင်မှု ပမာဏတိုးလာခြင်းကြောင့်လည်းကောင်း ပေးရန်များ တက်လာခြင်း ဖြစ်ပါသည်။

မတည်ငွေရင်းပိုင်ဆိုင်သူများ **(Equity Holder)** နှင့် သက်ဆိုင်သောမတည်ငွေရင်း

ကျွန်ုပ်တို့ကုမ္ပဏီ၏ စုစုပေါင်း အစုရှယ်ယာရှင်များ၏ပိုင်ဆိုင်မှု (Total Equity) သည် ယခင်ဘဏ္ဍာနှစ် ၂၀၂၀ စက်တင်ဘာလတွင် မြန်မာငွေကျပ် ၁၅,၃၄၂,၂၂၅,၂၈၇ မှ ယခုဘဏ္ဍာနှစ် ၂၀၂၁ တွင် မြန်မာငွေကျပ် ၁၆,၂၅၆,၂၀၀,၀၂၈ သို့ အနည်းငယ် တိုးတက်ခဲ့ပါသည်။ ထိုသို့ ၆% ခန့်တိုးတက်ပြောင်းလဲလာခြင်းသည် ကျွန်ုပ်တို့၏ Retained Earning မှာ ယခင်ဘဏ္ဍာနှစ် ၂၀၂၀ စက်တင်ဘာလတွင် မြန်မာငွေကျပ် ၁,၂၈၀,၉၇၁,၅၀၂ ရှိခဲ့ရာမှ ယခုဘဏ္ဍာနှစ် ၂၀၂၁ စက်တင်ဘာလတွင် မြန်မာငွေကျပ် ၁,၇၀၆,၉၆၀,၇၄၅ သို့ တိုးတက်ခဲ့ ခြင်းကြောင့်ဖြစ်ပါသည်။

## ပြန်လည်သုံးသပ်ချက်နှင့် အနာဂတ်မျှော်မှန်းချက်

၁။ ကျွန်ုပ်တို့၏ မိခင်ကုမ္ပဏီဖြစ်သည့် Ever Flow River Group Public Company Limited ၏ လုပ်ငန်းခွဲများအားလုံး၏ လုပ်ဆောင်ခဲ့ခြင်းများအား ပြန်လည်သုံးသပ်ပါက ယခုဘဏ္ဍာနှစ် ၂၀၂၀ -၂၀၂၁ သည် ယခင်ဘဏ္ဍာနှစ် ၂၀၁၉-၂၀၂၀ ဖြင့် နှိုင်းယှဉ်ပါက အမြတ်ငွေ ၁၇၃ % တိုးတက်လာသည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။

၂။ ထိုကဲ့သို့ တိုးတက်လာခြင်းသည် ကမ္ဘာတစ်ဝှမ်းဖြစ်ပွားလျှက်ရှိသည့် Covid-19 ကပ်ရောဂါ အကြပ်အတည်းနှင့် ကျန်းမာရေးဆိုင်ရာ ကန့်သတ်ချက်များကြောင့် မသေချာ၊ မရေရာမှုများစွာရှိနေသည့် ကာလ အတောအတွင်း အခြေအနေ၊ အချိန်အခါနှင့် လိုက်လျောညီထွေရှိသည့် မဟာဗျူဟာရေးဆွဲပြီး အောက်ပါတို့ကို အထူးအလေးထား၍ အချိန်မီ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ယခင်ထက် မလျော့သည့် အောင်မြင်မှုကို ရရှိခဲ့ခြင်း ဖြစ်သည်ဟု သုံးသပ်မိပါသည် -

(က) ကျွန်ုပ်တို့၏ မိခင်ကုမ္ပဏီနှင့်အတူ လုပ်ငန်းခွဲများ အားလုံးတွင် မလိုလားအပ်သော စရိတ်များ

လျှော့ချပြီး ကျစ်လစ်စွာ ပြန်လည် ဖွဲ့စည်း၍ ကျွန်ုပ်တို့ကုမ္ပဏီ၏ ဝန်ဆောင်မှုကို အသုံးပြုသူများ၊ ဖောက်သည်များ (Clients) အတွက် ယခင်က ထက် ပိုမိုသာလွန်ကောင်းမွန်သော ဝန်ဆောင်မှုများ (Value-added Services) ပေးနိုင်ခဲ့ခြင်း။

(ခ ) Covid-19 ကပ်ရောဂါ အကြပ်အတည်းကာလအတွင်း ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ (Logistics) ဈေးကွက်အသစ်များ ပိုမိုတိုးတက် လုပ်ကိုင်ရှာဖွေ ဝန်ဆောင်မှုပေးနိုင်ခဲ့ခြင်း။

(ဂ ) ပိုမိုကောင်းမွန်သော စီမံခန့်ခွဲမှုအသစ်များဖန်တီး၍ စီမံအုပ်ချုပ်သူများအပါအဝင် ဝန်ထမ်းတစ်ဦးချင်းစီ တိုင်းကအထူးကြိုးစား၍ ညီညွတ်စွာဆောင်ရွက်ခဲ့ခြင်းကြောင့် မျှော်မှန်းထား သည်ထက် အကျိုး အမြတ် ပိုမိုရရှိခြင်း။

၃။ ကျွန်ုပ်တို့၏ကုမ္ပဏီအနေဖြင့် အထက်တွင် တင်ပြခဲ့သလို ကပ်ရောဂါ အကြပ်အတည်းကာလတွင် အချိန်အခါနှင့် လိုက်လျောညီထွေးသည့် မဟာဗျူဟာချမှတ်၍ ကြိုးပမ်းဆောင်ရွက်ရာမှာ လက်ခံနိုင်မှု၊ မျှော်မှန်းထားမှုထက် သာလွန်သော အောင်မြင်မှုရရှိခဲ့ခြင်းကို ထိန်းသိမ်းပြီး အနာဂတ်တွင် အကျိုးစီးပွား ပိုမို ဖြစ်ထွန်းစေရေး ရည်မှန်းထားပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ ထပ်မံရှာဖွေတွေ့ရှိထားသော ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အဦးစီမံကိန်း လုပ်ငန်း (Logistics Infrastructure Project) အခွင့်အလမ်းသစ်များအား "မူလရည်ရွယ် မျှော်မှန်းထားသည်ထက် ပိုမိုတိုးချဲ့၍ အမိအရဆုပ်ကိုင် လုပ်ဆောင်နိုင်ရမည် " ဟူသော အချက်အားစွဲကိုင်၍ ကျွန်ုပ်တို့၏ကုမ္ပဏီအား အကူးအပြောင်းကာလ (Transition Period) တစ်ခု အနေဖြင့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် အောက်ပါတို့အား စနစ်တကျပြင်ဆင်ခဲ့ပါသည် -

- ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ဝန်ဆောင်မှုများ (Logistics) နှင့် စပ်လျဉ်း၍ EFR ဝန်ထမ်းတစ်ဦးချင်းစီ သည် မြန်မာနိုင်ငံ အတွင်းမှာသာမက ဒေသတွင်း နိုင်ငံများမှာလည်း ဦးဆောင်နိုင်သည့်သူများဖြစ်ရမည်ဟု ရည်ရွယ်၍ ဝန်ထမ်းများ၏ အရည်အသွေး ပိုမိုမြင့်မားစေရန် မွမ်းမံသင်တန်းများပေးခြင်း။
- လုပ်ငန်းဆောင်ရွက်မှု စနစ်ပိုင်း (System) နှင့်စပ်လျဉ်း၍ ယခင်လစ်ဟာမှုရှိခဲ့သည်များအား သုံးသပ်ပြင်ဆင်၍ "ပြီးပြည့်စုံသည့် အလုံးစုံထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းအဆင့်" ( Total Logistics Service Provider and Solution Level ) ဖြစ်စေရေး ဆောင်ရွက်ခြင်း။
- အခြားသော ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များအားသုံးသပ်ခြင်း။
- ဆက်လက် အကောင်အထည်ဖော်ရမည့် ပြီးပြတ်မှုမရှိသေးသော ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အခြေခံ အဆောက်အဦးစီမံကိန်းလုပ်ငန်းများအား သုံးသပ်ခြင်း၊ ပြင်ဆင်ခြင်း၊ တိကျသောလုပ်ငန်း အစီအစဉ် ရေးဆွဲခြင်း။
- မော်လမြိုင်မြို့တွင်ထောက်ပံ့ပို့ဆောင်ရေး နှင့် ဖြန့်ဖြူးရေးစင်တာ (Logistics and Distribution Center ) အသစ်တစ်ခု တိုးချဲ့ဖွင့်လှစ်နိုင်ရေး အတွက် စနစ်တကျ ကြိုတင်ပြင်ဆင်ခြင်း။

၅။ သို့ဖြစ်ရာ ကျွန်ုပ်တို့၏ကုမ္ပဏီအနေဖြင့် ချမှတ်ထားသည့် မူဝါဒအတိုင်း ၂၀၂၂ ခုနှစ်၊ နှစ်ဆန်းပိုင်းမှ စတင်၍ (Defense to Attack Strategy) သို့ ပြောင်းလဲကျင့်သုံး၍ -

- EFR သည် မြန်မာနိုင်ငံ၏ ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍတွင် ဦးဆောင်ကုမ္ပဏီဖြစ်ရမည်။
- EFR ကုမ္ပဏီ၏ ဝန်ဆောင်မှုဖြင့် အသုံးပြုသူများ၊ ဖောက်သည်များ (Clients) ၏ အကျိုးစီးပွား ဖြစ်စေရန် အစွမ်းကုန် ဖော်ဆောင်မည်။
- မြန်မာ့စီးပွားရေးလုပ်ငန်းများကို နိုင်ငံတကာသို့ မြင့်တင်ရန် ဦးတည်ဆောင်ရွက်ရာတွင် ကပ်ရောဂါကြောင့် ဖြစ်ပွားပေါ်ပေါက်ရသည့် မသေချာ၊ မရေရာမှုများကြောင့် စွန့်စားမှု မျှဝေခြင်း (Risk Sharing) အစား နှစ်ဦးနှစ်ဖက် ရေရှည်အကျိုးဖြစ်ထွန်းစေမည့် "မဟာဗျူဟာမဟာမိတ်" (Strategy Alliance) ပုံစံဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်။

၆။ ကျွန်ုပ်တို့၏ ကုမ္ပဏီက စီမံအုပ်ချုပ်သူများ အပါအဝင် ဝန်ထမ်း တစ်ဦးချင်းစီက လုပ်ငန်းများ အောင်မြင်စေရန် နှင့်အကျိုးအမြတ်များ ပိုမို ရရှိစေရန် အထူးကြိုးပမ်း ဆောင်ရွက်ခဲ့ပါကြောင်း နှင့် ရှေ့အလားအလာကောင်း များအား ရရှိ စေရန်ဆက်လက်ကြိုးစား ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကျွန်ုပ်တို့ကုမ္ပဏီ၏ ရှယ်ယာရှင်အသစ်များ၊ အဟောင်းများ အား အထူးသတင်းကောင်း ပေးပို့တင်ပြ အပ်ပါသည်။

ဒါရိုက်တာအဖွဲ့၏အမိန့်အရ

ဒေါ်ခင်ဆုံ

အမှုဆောင် ဒါရိုက်တာ

၂၀၂၁ ဒီဇင်ဘာလ ၃၁ ရက်


Ever Flow River Group Public Company Limited
YSX Code
00006
Level 11, No. 62, Room
1104,
Mahabandoola Complex B, Tarwatainthar Street,
Pazundaung Township, Yangon,
Republic of the Union of Myanmar
www.efrgroupmyanmar.com

## ABBREVIATIONS

| | |
|---|---|
| **EFR** | Ever Flow River Group Public Company Limited. |
| **EFR GLE** | EFR G-Link Express Services Co., Ltd. |
| **EFR Trading** | Ever Flow River Trading Co., Ltd. |
| **Gold Shipping** | Gold Shipping Agency Services Co., Ltd. |
| **HITLC** | Hlaing Inland Terminal and Logistics Co., Ltd. |
| **KEFR** | Kamigumi-EFR Logistics (Myanmar) Co., Ltd. |
| **LDC Mandalay** | Ever Flow River Logistics & Distribution Center (Mandalay) Co., Ltd. |
| **MRTW Logistics** | Myanmar Round the World Logistics Co., Ltd. |
| **MRTW Manufacturing** | MRTW Manufacturing & Inspection Co., Ltd. |
| **Multipack** | Multipack Engineering Services Co., Ltd. |
| **UCS** | Unison Choice Services Co., Ltd. |
| **UTOC Multipack** | UTOC Multipack Myanmar Co., Ltd. |
| **A L** | A Logistics Co., Ltd. |